# ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေးအက်ဥပဒေ စတင်အာဏာတည်သည့်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင် “ အဆိုပါအက်ဥပဒေ ” ဟုရည်ညွှန်းသည့်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေးအက်ဥပဒေတွင် ပုဒ်မ ၃ အစား အောက်ပါ ပုဒ်မကိုထည့်သွင်းရမည်—

“ ၃။ ။မည်သူမဆို အောက်ပါအရည်အချင်းများနှင့်ပြည့်စုံလျှင်၊ မိမိနေထိုင်သည့် ခရိုင်ဆိုင်ရာအရာရှိထံတွင် ပြည်ထောင်စုမြန်မာနိုင်ငံသားလက်မှတ်ရလိုကြောင်း လျှောက်ထားနိုင်သည်—

(က) မွေးဖွားစဉ်က ဗြိတိသျှဘုရင်မင်းမြတ်၏ အာဏာပိုင်နက်တွင် ပါဝင်သောနယ်မြေတခုခု၌ မွေးဖွားခဲ့သူဖြစ်ခြင်း၊

(ခ) ၁၉၄၂ ခုနှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့မှ၊ သို့တည်းမဟုတ် ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့မှအထက် အခြားမဲ့သော ဆယ်နှစ်အတွင်း၊ ရှစ်နှစ်အောက်မယုတ်သော ကာလအဘို့ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အာဏာပိုင်နက်အတွင်း၌ နေထိုင်ခဲ့ဘူးသူ ဖြစ်ခြင်း၊

(ဂ) အကျင့်စာရိတ္တ ကောင်းသူဖြစ်ခြင်း၊

(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ လုံခြုံမှုကိုသော်၎င်း၊ ငြိမ်ဝပ်ပိပြားရေးကိုသော်၎င်း၊ အကျိုးစီးပွါးကိုသော်၎င်း၊ ပျက်ပြားနစ်နာအောင် မပြုလုပ်ခဲ့ဘူးသူဖြစ်ခြင်း၊ ထို့ပြင်

(င) ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ ပုဒ်မ ၂ တွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်း အရည်အချင်း ချို့ငဲ့သူမဟုတ်ခြင်း။ ”

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၄ ၌—

(၁) အောက်ပါ ပြဋ္ဌာန်းချက်ကို အပိုဒ် (ဂ) အဖြစ်ဖြင့် ထည့်သွင်း၍၊ ရှိရင်းအပိုဒ် (ဂ) နှင့် (ဃ) ကို အပိုဒ် (ဃ) နှင့် (င) အဖြစ်ဖြင့် ပြန်လည်အမှတ်စဉ်ရမည်—

အဘိုး—၁၀ ပြား]

“(ဝ) မိမိသည်၊ အကျင့်စာရိတ္တ ကောင်း၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ လုံခြုံမှုကိုသော်၎င်း၊ ငြိမ်ဝပ်ပိပြားရေးကို သော်၎င်း၊ အကျိုးစီးပွါးကို သော်၎င်း၊ ပျက်ပြားနစ်နာအောင် မပြုလုပ်ခဲ့ဘူးကြောင်းနှင့် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ ပုဒ်မ ၂ တွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်း အရည်အချင်းချို့ငဲ့ သူလည်း မဟုတ်ကြောင်း”။ ထို့ပြင်

(၂) ဖြန်လည် အမှတ်စဉ်ထားသည့် အပိုဒ် (ဿ) အစား အောက်ပါ အပိုဒ်ကို ထည့်သွင်းရမည်—

“(ဿ) ပြည်ထောင်စု မြန်မာနိုင်ငံ၏ အာဏာပိုင်နက် အတွင်း၌ ထာဝစဉ်နေထိုင်ရန် ကြံရွယ်ချက် ရှိကြောင်းနှင့်ပြည်ထောင်စု မြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိ ရိုသေမည် ဖြစ်ကြောင်း။ ထို့ပြင်”။

၄။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (၁) တွင် “မိမိမှာလွှဲစည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁ (ဿ) အရ” ဆိုသည့်စကားရပ်အစား “ပုဒ်မ ၃ အရ” ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၇ နောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၇-က အဖြစ်ဖြင့်ထည့်သွင်းရမည်—

“၇-က။ ။၁၉၅၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသား အဖြစ် ရွေးချယ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ ထုတ်ပြန်ကြေညာခြင်း မပြုမီက နိုင်ငံသား လက်မှတ် ရရှိပြီး ဖြစ်သူ များသည်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှု အက်ဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေဘဲ၊ ပုဒ်မ ၃၊ အပိုဒ် (ဂ) နှင့် (ဿ) တွင် ပြဋ္ဌာန်း ထားသော အရည်အချင်းများနှင့်လည်း ပြည့်စုံသည်ဟု မှတ်ယူရမည်။

သို့ရာတွင် ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသား အဖြစ် ရွေးချယ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ ထုတ်ပြန်ကြေညာခြင်း မပြုမီက ပုဒ်မ ၇ အရ၊ အရာရှိက ဝန်ကြီးထံ ပေးပို့ထားသည့် အမှုများအနက်၊ ပုဒ်မ ၃၊ အပိုဒ် (ဂ) နှင့် (ဿ) ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ကြားနာ စစ်ဆေး သင့်သည်ဟု ဝန်ကြီးက သဘော ရရှိသော အမှုများကို သက်ဆိုင်ရာ အရာရှိထံသို့ ဆက်လက်ကြားနာ စစ်ဆေးစေရန် ပြန်ပို့နိုင်သည်။”

၆။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၈ တွင်—

(က) ပုဒ်မခွဲ (၄) ၌ “နိုင်ငံခြားသား အဖြစ်ကို စွန့်လွှတ်ကြောင်း” ဆိုသည့်စကားရပ် နောက်တွင် “နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးဇူး သစ္စာ တော်ကို စောင့်သိ ရိုသေကြောင်း” ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (ဂ) နောက်၌ အောက်ပါ ဖြည့်စွက်ချက်ကို ပုဒ်မခွဲ (ဃ) အဖြစ်ဖြင့် ထည့်သွင်းရမည်။

" (ဃ) ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်ရွေးချယ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ ထုတ်ပြန် ကြေညာခြင်း မပြုမီက ထုတ်ပေးပြီးဖြစ်သော နိုင်ငံသားလက်မှတ်များသည်၊ ၎င်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိ ရိုသေပါမည်ဟူသော ကျေညာချက် မပါရှိသဖြင့် ပျက်ပြယ်သည်ဟုမမှတ်ယူရ။"

၃။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၂)၊အပိုဒ် (ဿ) တွင် "နိုင်ငံခြားသားအဖြစ် စွန့်လွှတ်ကြောင်း" ဆိုသည့်စကားရပ် နောက်တွင် "နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေကြောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၁၃၇၊ တရားရေးဝန်ကြီးဌာန၊ ၁၄-၅-၅၄—၂,၀၀၀—၂၈